“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် [၄] ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၆/၂၀၂၃)

အမှတ်စဉ် (၁၆/၂၀၂၃) | http://www.nugmyanmar.org | ၂၀၂၃ခုနှစ်၊ ဧပြီလ (၁၇) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ ပဇိကြီးကျေးရွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုအား NUG ကြေငြာချက်ထုတ်ပြန်

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ် ပဇိကြီးကျေးရွာက ပြည်သူလူထုတွေ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုအပေါ် လွှန်စွာဝမ်းနည်းပြီး ယခုဖြစ်ရပ်မျိုးကြောင့် ပိုမိုကြိုးစားတိုက်ပွဲဝင်ဖို့တွန်းအားတွေဖြစ်စေကြောင်း၊ ယခုကဲ့သို့ ရက်စက်ယုတ်မာမှုများကို မဝေးတော့သည့်တစ်နေ့ လုံးဝရပ်ဆိုင်းသွားရန်အတွက် နေ့စဉ်နဲ့အမျှ အချိန်တိုင်း အားထုတ်ကြိုးပမ်းနေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဧပြီ ၁၁ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ https://bit.ly/3UFnMSR

၂။ နိုင်ငံတကာမှအကာအကွယ်နှင့် အထောက်အပံ့များအမြန်ဆုံးလိုအပ်ကြောင်း NUG ပြောကြား



နိုင်ငံတကာမှ အကာအကွယ်များ အမြန်ဆုံးရရှိရန်နှင့် အကြမ်းဖက် စစ်ကောင်စီကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန်အတွက်လည်း နိုင်ငံတကာမှအကူအညီများလိုအပ်ကြောင်း၊ စစ်ကောင်စီ ကျူးလွန်နေသည်များအတွက် သက်သေ အထောက်အထားများရရှိဖို့ လိုအပ်ကြောင်း ယာယီသမ္မတ ဒူဝါလရှီးလက ဧပြီလ ၁၁ ရက် အမျိုးသားညီညွတ်ရေးအစိုးရ၏ ၁၄ ကြိမ်မြောက် အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။ https://bit.ly/409GyTp

၃။ ထိုင်းအာဏာပိုင်များက ဖမ်းဆီးပြီး စစ်ကောင်စီလက်အောက်ခံ လက်နက်ကိုင်အဖွဲ့အား လွှဲပြောင်းခံရသည့် တော်လှန်ရေးတပ်ဖွဲ့ဝင် (၃) ဦးကိစ္စ NUG ဖြေရှင်းနေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ

သတင်းထုတ်ပြန်ခြင်း
၇ရက် ဧပြီလ ၂၀၂၃ခုနှစ်

၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့ တွင် မြန်မာ့တော်လှန်ရေးတပ်ဖွဲ့ဝင် လူငယ် (၃) ဦးအား ထိုင်းနိုင်ငံ အာဏာပိုင်များက ဖမ်းဆီး၍ အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ လက်နက်ကိုင်အဖွဲ့ထံသို့ နိုင်ငံတကာ ရဲလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲ လွှဲပြောင်းပေးအပ်ခဲ့သည့် ဖြစ်စဉ်ပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရပါသည်။

အဆိုပါ ဖြစ်စဉ် နှင့် လုပ်ရပ်သည် မြန်မာစစ်ကောင်စီ၏ အကြမ်းဖက် ဖိနှိပ်ရက်စက်မှုများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းခိုလှုံရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ အသက်အန္တရာယ်နှင့် လုံခြုံရေးကို ခြိမ်းခြောက်လာသည့် ကိစ္စရပ်ဖြစ်သောကြောင့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မိမိနိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိသည်နှင့်အညီ အဆိုပါဖြစ်စဉ်နှင့်တကွ အလားတူဖြစ်စဉ်များကို အထူးအလေးထားဦးစားပေး၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်း၊ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့ တွင် မြန်မာ့တော်လှန်ရေးတပ်ဖွဲ့ဝင် လူငယ် (၃) ဦးအား ထိုင်းနိုင်ငံ အာဏာပိုင်များက ဖမ်းဆီး၍ အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ လက်နက်ကိုင်အဖွဲ့ထံသို့ နိုင်ငံတကာ ရဲလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲ လွှဲပြောင်းပေးအပ်ခဲ့သည့် ဖြစ်စဉ်ပေါ်ပေါက်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်သည် မြန်မာစစ်ကောင်စီ၏ အကြမ်းဖက် ဖိနှိပ်ရက်စက်မှုများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းခိုလှုံရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ အသက်အန္တရာယ်နှင့် လုံခြုံရေးကို ခြိမ်းခြောက်လာသည့် ကိစ္စရပ်ဖြစ်သောကြောင့် အဆိုပါဖြစ်စဉ်နှင့်တကွ အလားတူဖြစ်စဉ်များကို အထူးအလေးထားဦးစားပေး၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်း၊ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ဧပြီ ၇ ရက်တွင်ထုတ်ပြန်ခဲ့သည်။ https://bit.ly/43xxTgD

ကာကွယ်ရေးဝန်ကြီးဌာန

၄။ ပဇီကြီးကျေးရွာဖြစ်စဉ်က တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အာဏာရှင်ဖြုတ်ချဖို့ဖြစ်ကြောင်း NUG ထုတ်ပြန်

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ မလယ်တိုက်နယ်၊ ပဇီကြီးကျေးရွာကို ဧပြီ ၁၁ ရက် မနက်ပိုင်းတွင် အာဏာသိမ်းအကြမ်းဖက်စစ်တပ်က လေကြောင်းတိုက်ခိုက် ခဲ့သည့်အတွက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များ အပါအဝင် အရပ်သားပြည်သူ အများအပြား သေဆုံးခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်ကို အပြီးတိုင်ဖယ်ရှားနိုင်မှ တိုင်းပြည်လူထု တည်ငြိမ်အေးချမ်းမှုရပြီး သာယာဝပြောရေးဆီ ဦးတည်နိုင်မည်ကို ပဇီကြီးကျေးရွာ လေကြောင်း တိုက်ခိုက်ခံရမှုကထပ်လောင်း သတိပေးခဲ့ဟု အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3L1hs53

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
mod@nugmyanmar.org

ကန့်ဘလူ၊ ပဇီကြီးကျေးရွာ လေကြောင်း တိုက်ခိုက်ခံရမှု ထုတ်ပြန်ချက်
၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့

၁။ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ မလယ်တိုက်နယ်၊ ပဇီကြီးကျေးရွာကို ၂၀၂၃ ခုနှစ်၊ဧပြီလ ၁၁ ရက်၊ ယနေ့မနက်ပိုင်းတွင် အာဏာသိမ်းအကြမ်းဖက်စစ်တပ်က လေကြောင်းတိုက်ခိုက် ခဲ့သည့်အတွက် ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်များအပါအဝင် အရပ်သားပြည်သူ အများအပြား သေဆုံးခဲ့ရသည်။

၂။ အသက်ဆုံးရှုံးသွားရသူများနှင့် ထိခိုက်ဒဏ်ရာရသူများအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အထူးပင် ဝမ်းနည်းကြေကွဲရကြောင်းနှင့် သက်ဆိုင်သူများ၏ မိသားစုများနှင့်တသားတည်း အတူတကွရှိနေပါကြောင်း အထူး ဖော်ပြလိုသည်။

၃။ အာဏာသိမ်းအကြမ်းဖက်စစ်တပ်သည် အရပ်သားနှင့် လက်နက်ကိုင်ဟူ၍ သတ်မှတ်ခွဲခြားခြင်းမရှိ အလွန်အကျွံ အင်အားသုံး တိုက်ခိုက်နေကြောင်း ယခုဖြစ်ရပ်က ထပ်မံသက်သေပြနေသလို စစ်ရာဇဝတ်မှု ထပ်မံကျူးလွန်ခြင်းလည်း ဖြစ်သည်။

၄။ ဤအကြမ်းဖက်လုပ်ရပ်အပါအဝင် အကြမ်းဖက်လုပ်ရပ်များ အားလုံးသည် စက်ဆုပ်ရွံရှာဖွယ် ကောင်းသော စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်စုပေါ် ကျူးလွန်သော ရာဇဝတ်မှုများ ဖြစ်သည်။

၅။ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှု အဆုံးသတ်ပြီး စစ်အာဏာရှင်စနစ်ကို မြန်မာ့မြေပေါ်မှ အပြီးတိုင် ဖယ်ရှားနိုင်မှသာ တိုင်းပြည်လူထု တည်ငြိမ်အေးချမ်းမှုရပြီး သာယာဝပြောရေးဆီ ဦးတည်နိုင်မည်ဆိုသည်ကို ယနေ့ဖြစ်ရပ်က ထပ်လောင်း သတိပေးလိုက်သည်ဟု မိမိတို့မှတ်ယူသည်။ ထိခိုက်ဆုံးရှုံးရသည့် လူထုဘဝများအချည်းနှီးမဖြစ်စေရေး၊ တပြိုင်တည်းတွင် စစ်အာဏာရှင်စနစ်အမြစ်ပြတ်ရေး ရည်မှန်းချက် အမြန်ဆုံး ပေါက်ရောက်အောင်မြင်စေရေး ပိုမို၍ အစွမ်းကုန် အားထုတ် လုပ်ဆောင်သွားမည် အကြောင်း အခိုင်အမာ ကတိပြုလိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ၊

နိုင်ငံခြားရေးဝန်ကြီးဌာန

၅။ ပဇိကြီးကျေးရွာပြည်သူများကို လေကြောင်းမှတိုက်ခိုက်မှုသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုဖြစ်ကြောင်း ဦးကျော်မိုးထွန်းက ကုလတွင်ပြောကြား

အကြမ်းဖက်စစ်တပ်သည် မြန်မာပြည်သူများအပေါ် အကြမ်းဖက်စစ်မက်ပြုမှုများ ဆက်လက်အရှိန်အဟုန် မြှင့်တင်နေသည်ကို အစဉ်တစိုက်ကျူးလွန်နေသည့် တိုက်ခိုက်မှုများမှတဆင့် အတိအလင်း ပြသနေကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ မလယ်တိုက်နယ် ပဇိကြီးကျေးရွာ ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ လေကြောင်းမှတဆင့်တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ပြစ်မှုဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦးကျော်မိုးထွန်းက ဧပြီ ၁၃ ရက် နယူးယောက်မြို့အခြေစိုက် ကုလသမဂ္ဂဌာန ချုပ်မှာတွင် ရှင်းလင်းထောက်ပြခဲ့သည်။ https://bit.ly/3KIqbaO

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

၆။ အကြမ်းဖက်စစ်အုပ်စု၏ ဆိုးရွားသည့်လေကြောင်း တိုက်ခိုက်မှုအပေါ် ရှုတ်ချကြောင်း လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ထုတ်ပြန်

ဧပြီ ၁၁ ရက် မနက် ၈ နာရီခန့်တွင် အကြမ်းဖက်စစ်အုပ်စု၏ ဂျက်လေယာဉ်များနှင့် ရဟတ်ယာဉ်များက ကန့်ဘလူမြို့နယ်၊ ပဇိကြီးကျေးရွာရှိ အရပ်သား အများအပြား စုဝေးနေသည့်နေရာသို့ ဗုံးကြဲတိုက်ခိုက် ပြီး စစ်သေနတ်များဖြင့် ပစ်ခတ်ကျူးလွန်ခဲ့ကြောင်း အကြမ်းဖက်စစ်အုပ်စု၏ ဆိုးရွားသည့် လေကြောင်းတိုက်ခိုက်မှုအပေါ် ရှုတ်ချကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။

https://bit.ly/3L0Xo2v



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
https://mohr.nugmyanmar.org/
ထုတ်ပြန်ကြေငြာချက်အမှတ်(၅ /၂၀၂၃)
၁၃၈၄ ခုနှစ်၊ တန်ခူး လဆုတ် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်ကို အကြမ်းဖက်စစ်အုပ်စုမှ ဆိုးရွားစွာ လေကြောင်းမှ တိုက်ခိုက်မှုအပေါ် ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန အနေဖြင့် စစ်ကိုင်းတိုင်းတွင် အကြမ်းဖက်စစ်အုပ်စုမှ လေကြောင်းမှ တိုက်ခိုက်၍ အကြမ်းဖက်မှု ကျူးလွန်ခြင်းနှင့် ပတ်သက်ပြီး အပြင်းအထန်ရှုတ်ချသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့ မြန်မာအချိန် နံနက် (၈) နာရီခန့်တွင် အကြမ်းဖက်စစ်အုပ်စု၏ ဂျက်လေယာဉ်များနှင့် ရဟတ်ယာဉ်များသည် ကန့်ဘလူမြို့နယ်၊ ပဇိကြီးကျေးရွာရှိ အရပ်သားအများအပြား စုဝေးနေရာသို့ ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့ကြသည်။

၃။ အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် အရပ်သား အနည်းဆုံး ၅၃ ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ အများအပြားကိုလည်း ဆက်လက်စိစစ်နေဆဲဖြစ်ပါသည်။ ကနဦးသေဆုံးမှုအရေအတွက်မှာ ဆက်လက်မြင့်တက်ဖွယ်ရှိပါသည်။ သတ်ဖြတ်ခံရသူအချို့၏ ရုပ်အလောင်းများမှာ အလွန်ဆိုးရွားစွာ ထိခိုက်ပျက်စီးနေပြီဖြစ်သဖြင့် ခွဲခြားရန်ပင် မဖြစ်နိုင်တော့ပါ။

၄။ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကန့်ဘလူမြို့နယ်မှ ပြည်သူများ၊ သေဆုံးသူများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသူများ၏ မိသားစုဝင်များ ၊ မိတ်ဆွေများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြလိုပါသည်။

၅။ အကြမ်းဖက်စစ်အုပ်စုအနေဖြင့် အာဆီယံခေါင်းဆောင်များနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ စဉ်ဆက်မပြတ် ရှုတ်ချမှုများကို မျက်ကွယ်ပြုလျက် မြန်မာပြည်သူများအပေါ် အကြမ်းဖက်မှု

1



ပိုမိုဆိုးရွားစွာ ကျူးလွန်နေလျက်ရှိကြောင်း လေကြောင်းမှ ယခုကဲ့သို့ ပူးတွဲတိုက်ခိုက်မှုများက ဖော်ပြလျက်ရှိသည်။ ယခင်တစ်ပတ် ဧပြီလ ၄ ရက်နေ့ကပင် အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားများအပေါ် ရည်ရွယ်ချက်ရှိရှိ၊ ကျယ်ကျယ်ပြန့်ပြန့်၊ အရပ်ဘက် စစ်ဘက် ပစ်မှတ်ခွဲခြားမှုမရှိ၊ မတန်တဆအင်အားသုံး တိုက်ခိုက်မှုများအပေါ် ရှုတ်ချကြောင်း ဆုံးဖြတ်ချက်တရပ်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအနေဖြင့် ဘုံသဘောတူညီချက်ဖြင့် ချမှတ်ခဲ့ပြီး၊ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများအားလုံးကို ရပ်တန့်ရန် တောင်းဆိုခဲ့ပြီးဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စုသည် ထိုသို့သော ဆုံးဖြတ်ချက်ကိုပင်လျှင် ပိုမိုဆိုးရွားပြင်းထန်သော သတ်ဖြတ်မှု၊ သွေးချောင်းစီးမှုဖြင့် တုံ့ပြန်ခဲ့ပြီဖြစ်သည်။

၆။ အာဆီယံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုအပေါ် အလျင်အမြန် အရေးယူဆောင်ရွက်ရမည်ဖြစ်သည်။ ကုလသမဂ္ဂ ပဋိညာဉ် အခန်း (၇) ပါ အရေးယူဆောင်ရွက်မှုများကို လုံခြုံရေးကောင်စီအနေဖြင့် ချမှတ်ရမည်။ အာဆီယံခေါင်းဆောင်များအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင် ရာဇဝတ်သားစစ်အုပ်စုအပေါ် ထပ်ဆင့်အပြစ်ပေးအရေးယူမှုများကို ချမှတ်ရန် လိုအပ်သည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

2

၇။ ပဇီကြီးကျေးရွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံခဲ့ရမှုဖြစ်စဉ်အတွက် အစီရင်ခံစာတစောင်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ တင်သွင်း

အကြမ်းဖက်စစ်တပ်က ကျူးလွန်ခဲ့သည့် ကန့်ပလူမြို့နယ်၊ ပဇီကြီးကျေးရွာအစုလိုက်အပြုံလိုက်သတ်ဖြတ် ခံခဲ့ရမှု ဖြစ်စဉ်နှင့် ပတ်သက်သည့် တိကျသေချာသော သတင်းအချက်အလက်များပါဝင်သည့် အစီရင်ခံစာ တစောင်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ၎င်း၏ အဖွဲ့ဝင်များထံ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ဧပြီ ၁၄ ရက်တွင် ဖော်ပြထားသည်။

ကန့်ပလူပဇီကြီးကျေးရွာ ဖြစ်စဉ်သာမက အကြမ်းဖက်စစ်တပ်ကျူးလွန်ခဲ့သော ပြစ်မှုများကိုပါ အထောက် အထားခိုင်လုံစွာ တင်သွင်းထားပြီး လုံခြုံရေးကောင်စီအနေဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း ၇ ပါ ပြစ်ဒဏ်ချမှတ်မှု ဖော်ပြချက်အရ အကြမ်းဖက်စစ်တပ်အား လက်နက်၊ ခဲယမ်းမီးကျောက်များ၊စစ်ရေးတွင် ပြောင်းလဲအသုံးပြုနိုင်သောပစ္စည်းများ နှင့် လေကြောင်းလောင်စာဆီများ ရောင်းချခြင်းနှင့် လွှဲပြောင်းခြင်း တို့အပေါ် တကမ္ဘာလုံးက တားမြစ်ပိတ်ပင်ခြင်း၊ အကြမ်းဖက်စစ်တပ်၏ ဘဏ္ဍာရေး အကျိုးစီးပွားများကို ပစ်မှတ်ထားပြီးပိတ်ဆို့ခြင်းနှင့် အကြမ်းဖက်စစ်ကောင်စီ၏ ရာဇဝတ်မှုများကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးခြင်းလုပ်ဆောင်ရန် တောင်းဆိုထားသည်။

ဋ္ဌိညာဉ်စာတမ်း၏ အပိုဒ် ၉၉ အရ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် ထိုတောင်းဆို ချက်များအတွက် ကြိုးပမ်းအားထုတ်မှုကို အပြည့်အဝ ထောက်ခံရမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/41vxYj3

ပညာရေးဝန်ကြီးဌာန

၈။ Online ကျောင်း ၃ ကျောင်းကို "ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်း" များအဖြစ်အသိ အမှတ်ပြုကြောင်း NUG ထုတ်ပြန်

ပြည်သူ့ပညာရေးကျောင်းအသိအမှတ်ပြုမူဝါဒများနှင့်ကိုက်ညီသည့်Online ကျောင်း ၃ ကျောင်းကို "ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်း" များအဖြစ်အသိ အမှတ်ပြုကြောင်း၊ အဆိုပါ ပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုမူဝါဒ (၁၁) ချက်နှင့် Information and Technology Security Guideline များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုထားသည့် Eastern Sun Federal School၊ Myanma Yadanar Federal School (မြန်မာ့ရတနာဖက်ဒရယ်ကျောင်း) နှင့် Mya Nandar Federal School (မြနန္ဒာဖယ်ဒရယ်ကျောင်း) Online ကျောင်းတို့ကို "ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်း" အဖြစ်အသိအမှတ်ပြုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေး ဝန်ကြီးဌာနက ဧပြီ ၁၀ ရက်တွက်ထုတ်ပြန်ခဲ့သည်။

https://bit.ly/3MNa8ve



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
https://moe.nugmyanmar.org
ကြေညာချက်အမှတ် (၈/၂၀၂၃)
၁၃၈၄ ခုနှစ်၊ တန်ခူးလဆုတ် ၆ ရက်နေ့
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

ကြားကာလအခြေခံပညာပြည်သူ့ပညာရေးကျောင်းများအဖြစ်
အသိအမှတ်ပြုကြောင်း ကြေညာချက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ပညာသင်ယူခွင့်ဆုံးရှုံးနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ကြားကာလ ပြည်သူ့ပညာရေးကျောင်းများ ဖွင့်လှစ်ကာ စဉ်ဆက်မပြတ် ပညာသင်ကြားရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုမူဝါဒ (၁၁) ချက်နှင့် Information and Technology Security Guideline များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုထားသည့် အောက်ဖော်ပြပါ Online ကျောင်းများကို "ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်း" အဖြစ် အသိအမှတ်ပြုကြောင်း ကြေညာလိုက်သည်။

(၁) Eastern Sun Federal School
(၂) Myanma Yadanar Federal School (မြန်မာ့ရတနာဖက်ဒရယ်ကျောင်း)
(၃) MYA NANDAR FEDERAL SCHOOL (မြနန္ဒာဖယ်ဒရယ်ကျောင်း)

၃။ စိစစ်ဆဲ Online ကျောင်းများကိုလည်း အသိအမှတ်ပြုကြောင်း ဆက်လက်ထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်သည်။ မြေပြင်ပြည်သူ့ပညာရေးကျောင်းများအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးကိစ္စများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ